# People's Defence Force (Kalay)

အမှတ် (၉/၂၀၂၂)

## ကလေးဒေသပြည်သူများသို့မေတ္တာရပ်ခံချက်

ဖေဖော်ဝါရီလ ၈ ရက်၊ ၂၀၂၂ ခုနှစ်

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ ပြည်သူ့ခုခံတွန်းလှန်စစ်ကို အရှိန်အဟုန်ကောင်းစွာ အကောင်အထည်ဖော်လျက်ရှိသော ကလေးဒေသကို အကြမ်းဖက်စစ်ကောင်စီက ထိုးစစ်ဆင် တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လျက်ရှိပြီး ၎င်းတို့စစ်ကြောင်းထိုးရာ နယ်မြေတလျှောက်တွင် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူတို့၏ စည်းစိမ်ဥစ္စာများကို လုယူခြင်း အစရှိသည့် စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိပါသည်။

ရပ်ရွာပြည်သူများအနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို လက်ခံထားနေသရွေ့ ဤသို့သော အကြမ်းဖက်ဖိနှိပ်ရက်စက်မှုမျိုးကို ကြုံတွေ့ရမည်ဟူသော သတင်းစကားဖြင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ပြည်သူများကို ခွဲထုတ်နိုင်ရန် စစ်ကောင်စီက ကြိုးပမ်းလာပါသည်။ ပြည်သူထဲမှ ပေါက်ဖွားလာသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ ပျောက်ကျားစစ်ကို ခုခံရင်ဆိုင်နိုင်စွမ်းမရှိဘဲ အထိနာနေသော စစ်ကောင်စီသည် ပျောက်ကျားစစ်ကို တန်ပြန်နိုင်ရန်အတွက် ပြည်သူလူထုအကြား သပ်လျှို သွေးခွဲမှုများကို ပိုမိုအားစိုက်လုပ်ဆောင်လျက် ရှိပါသည်။ ကလေးမြို့နယ် ကျေးရွာအချို့တွင် ကျေးရွာလုံခြုံရေးခေါင်းစဉ်တပ်၍ ကျေးရွာပြည်သူများအား လက်နက်တပ်ဆင်ပေးကာ ပြည်သူ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြစေရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

မိမိတို့ PDF (Kalay) အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်မှ ချမှတ်ထားသော စည်းမျဉ်းများ၊ ကျင့်ဝတ်များအတိုင်း တသွေမတိမ်းလိုက်နာ၍ စစ်ရေးဆိုင်ရာ ပစ်မှတ်များဖြစ်သော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များနှင့် စစ်ကောင်စီ၏ ဒေါက်တိုင်များ၊ ယန္တယားများကိုသာ တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်သည်။ ကလေးဒေသအတွင်း စစ်ကောင်စီ၏ ဖိနှိပ်ထိန်းချုပ်မှုအောက်တွင်ရှိနေသော ကျေးရွာအချို့အနေဖြင့် မကြာခင် ပြိုပျက်ကျရှုံးတော့မည် ဖြစ်သော အကြမ်းဖက်စစ်ကောင်စီ၏ လက်တွေ့အခြေအနေမှန်ကို နားလည်သဘောပေါက်ပြီး

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များဖြင့် အမြန်ဆုံး ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ကြပါရန် အသိပေး အပ်ပါသည်။

စစ်ကောင်စီ၏ အကြမ်းဖက်ဖိနှိပ်ရက်စက်မှုများကြောင့် ကလေးဒေသအတွင်း ပြည်သူ့အသက်၊ အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးပျက်စီးခဲ့ရပြီးဖြစ်သည်။ တရားမျှတလွတ်လပ်သော ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ခက်ခဲကြမ်းတမ်းသော မုန်တိုင်းကာလကို ဆက်လက် ဖြတ်သန်း ကြရဦးမည်ဆိုသည့် ပကတိအခြေအနေမှန်ကို ကလေးဒေသပြည်သူများအား နားလည်သဘော ပေါက်စေချင်ပါသည်။ တတိုင်းပြည်လုံးတွင် ပြည်သူကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၏ ညီညွတ်သောခုခံတိုက်ခိုက်မှုများကြောင့် စစ်ကောင်စီ၏ အကြမ်းဖက် တပ်မတော်သည် ပြိုပျက်စပြုနေသည့် အခြေအနေသို့ ဆိုက်ရောက်နေပါသည်။ ဆိုးယုတ်သော စစ်ကောင်စီ၏ ကျဆုံးချိန် နီးသထက်နီးလာပြီး ပြည်သူတို့မျှော်လင့်တောင့်တသော တရားမျှတ လွတ်လပ်သည့် နိုင်ငံတော်သစ်သည် နီးသထက်နီးလာပြီဆိုသည့် မျက်မှောက် အမှန်တရားအား ကလေးဒေသပြည်သူတစ်ရပ်လုံးသို့ တပ်လှန့်နှိုးဆော်အပ်ပါသည်။

စစ်ကောင်စီ၏ အကြမ်းဖက်မှုများကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ရသည့် ပြည်သူများ၏ ပေးဆပ်မှုများကို အမြဲနှလုံးသွင်းဆင်ခြင်၍ ရန်သူ အကြမ်းဖက်စစ်ကောင်စီမိစ္ဆာတပ်ကို အမြစ်ဖြတ် သုတ်သင်ချေမှုန်းနိုင်ရေးအတွက် PDF (Kalay) ၏ တရားသော ပြည်သူ့ ခုခံတွန်းလှန်စစ်ဆင်နွှဲမှုတွင် ကလေးဒေသပြည်သူတစ်ရပ်လုံး ဆက်လက်ကြံ့ကြံ့ခံရင်ဆိုင်၍ ပူးပေါင်းပါဝင်ကြပါရန် အလေးအနက် ထား တိုက်တွန်းအပ်ပါသည်။

"နိုင်ငံတော်သစ်သည် မဝေးတော့ပါ"